Sustainability and
Corporate Communication Department

awba group

# NEWSLETTER




## Rapid Needs Assessment (RNA )Training

မြန်မာ့သြဘာလုပ်ငန်းစုအနေဖြင့် Awba Group CARE Campaign ကဲ့သို့သော လူမှုအကျိုးပြုလုပ်ငန်းများ လုပ်ဆောင်ရာတွင် သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်နိုင်ခြေများကို ပိုမိုထိရောက်စွာ တုံ့ပြန်နိုင်ရန် ကုလသမဂ္ဂ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (OCHA) နှင့် KBZ Learning Academy တို့မှ ပူးပေါင်းစီစဉ်သော ကနဦး လိုအပ်ချက် လေ့လာဆန်းစစ်ခြင်းသင်တန်း (Rapid Needs Assessment Training - RNA) တွင် UAB Foundation, ဒို့အိမ်, KBZ foundation , ကိုကြီးနှင့် ညီအစ်ကိုမောင်နှမများ စသည့် အဖွဲ့အစည်းများနှင့်အတူ ပါဝင်ခဲ့ပါသည်။

ကုလသမဂ္ဂ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (OCHA) နှင့် KBZ Learning Academy တို့ ပူးပေါင်းစီစဉ်သည့် နှစ်ရက်တာသင်တန်းအား မြန်မာနိုင်ငံ၏ မြေငလျင်၊ မုန်တိုင်းနှင့် ရေကြီးခြင်းစသည့် သဘာဝဘေးအန္တရာယ်များ၏ ထိခိုက်ခံစားလွယ်မှုအခြေအနေများကို ထည့်သွင်းစဉ်းစားကာ ညှိနှိုင်းဆောင်ရွက်သော ကနဦး လိုအပ်ချက် လေ့လာဆန်းစစ်ခြင်းဆိုင်ရာ အသိပညာနှင့် လက်တွေ့လုပ်ဆောင်မှုများကို မြှင့်တင်ရန်အတွက် ရည်ရွယ်၍ ပြုလုပ် ကျင်းပခဲ့ပါသည်။





# NEWSLETTER





အဆိုပါ သင်တန်းတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မူဝါဒများ နှင့် ထိခိုက်မှုမရှိစေရေး (Do No Harm) သဘောတရားများကို နားလည်ပြီး လေးစားလိုက်နာခြင်း၊ RNA သဘောတရား နှင့် လက်တွေ့အကောင်အထည်ဖော်မည့် အဆင့်များ အပါအဝင် နည်းစနစ်များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းကာလတွင် မိုဘိုင်း အချက်အလက်စုဆောင်းခြင်း နှင့် လေ့လာသုံးသပ်ခြင်းတို့အတွက် KoBo Toolbox ကို အသုံးပြုခြင်း၊ သတင်း အချက်အလက်စုဆောင်းမှု နှင့် အထောက်အထားအခြေခံဆုံးဖြတ်ချက်ချမှတ်မှုများ (Evidence-based Decision-making) အတွက် မိတ်ဖက်အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုလုပ်ဆောင်ခြင်းတို့အား ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ဒုတိယအပတ်တွင် လေ့ကျင့်သင်ကြားပေးခဲ့ပါသည်။

သင်တန်းတစ်လျှောက် ရရှိလာသောကျွမ်းကျင်မှုအသစ်များကို ပြန်လည်အသုံးချခြင်းသည် မြန်မာ့သြဘာလုပ်ငန်းစု၏ CSR လှုပ်ရှားမှုဖြစ်သည့် Awba Group CARE campaign အတွက် အရေးပါသော လုပ်ဆောင်ချက်တစ်ရပ်ဖြစ်ပါသည်။ RNA မူဘောင်၏ စနစ်တကျပေါင်းစပ်ညှိနှိုင်းမှုရှိပြီး အထောက်အထားအခြေခံသည့်ချဉ်းကပ်မှု (Evidence-based Approach) ကို မြန်မာ့သြဘာလုပ်ငန်းစု၏ အနာဂတ်လူမှုအသိုက်အဝန်းပံ့ပိုးကူညီမှု နှင့် အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှုလုပ်ငန်းများတွင် ပေါင်းစပ်အသုံးပြုသွားမည်ဖြစ်ပါသည်။